
# ရပ်ရွာလူထုကိုယ်တိုင် ဖွံ့ဖြိုးတိုးတက်မှုအတွက် ကိုယ့်အားကိုယ်ကိုး ဆောင်ရွက်ရန် ကူညီပေးခြင်း








**အဆင့် ၁ - ပထမအကြိမ် ကျေးရွာအစည်းအဝေး။** စီမံကိန်းမိတ်ဆက်ခြင်း (ကော်မတီဝင်များနှင့် စီမံကိန်းတွင် အရေးပါသူများအကြောင်း မိတ်ဆက်ပြောကြားခြင်း) နှင့် ကျေးရွာစေတနာ့ဝန်ထမ်း ရွေးချယ်ခြင်း။

**အဆင့် ၂ - လူတိုင်းပါဝင်သည့် လူမှုဆန်းစစ်မှု ပြုလုပ်ခြင်း။**

**အဆင့် ၃ - ဒုတိယအကြိမ် ကျေးရွာအစည်းအဝေး။** ကျေးရွာ စီ/ထောက် ကော်မတီနှင့် ဆပ်ကော်မတီဝင်များ၊ ဝေဖန်အကြံပြု တာဝန်ခံနှင့် ကျေးရွာ ငွေစာရင်းကိုင် ရွေးချယ်ခြင်း၊ အဆင့် - ၂ မှ ရလဒ်များကို ပြန်လည် သုံးသပ်ခြင်းနှင့် ကျေးရွာဖွံ့ဖြိုးရေး စီမံကိန်းအတွက် ပြင်ဆင်ခြင်း။

**အဆင့် ၄** - ကျေးရွာအုပ်စု စီ/ထောက် ကော်မတီအနေဖြင့် ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်များကို သုံးသပ်ခြင်းနှင့် စီမံကိန်း လုပ်ငန်းခွဲများ ရွေးချယ်ခြင်း အပါအဝင် **ကျေးရွာအုပ်စု ဖွံ့ဖြိုးရေးအစီအစဉ်ကို အပြီးသတ် ရေးဆွဲခြင်း။**

**အဆင့် ၅** - မြို့နယ်စီမံကိန်း ရေးဆွဲရေးနှင့် အကောင်အထည်ဖော်ရေး ကော်မတီက **ကျေးရွာအုပ်စု ဖွံ့ဖြိုးရေးအစီအစဉ်ကို ပြန်လည်သုံးသပ်၍ အတည်ပြုခြင်း။**

**အဆင့် ၆ - တတိယအကြိမ် ကျေးရွာအစည်းအဝေး။** ကျေးရွာအုပ်စု စီ/ထောက် ကော်မတီအနေဖြင့် မြို့နယ်မှ အတည်ပြုပြီးသည့် စီမံကိန်း လုပ်ငန်းခွဲများနှင့်ကျေးရွာအုပ်စု ဖွံ့ဖြိုးရေးအစီအစဉ်အကြောင်း ပြန်လည် အသိပေးခြင်း။

**အဆင့် ၇** - ကျေးရွာစီ/ထောက် ကော်မတီအနေဖြင့် စီမံကိန်းလုပ်ငန်းခွဲ အဆိုပြုလွှာအတွက် **နည်းပညာ အစည်းအဝေး ကျင်းပခြင်း။** (သဘာဝပတ်ဝန်းကျင်ဆိုင်ရာ လိုက်နာရမည့် ကျင့်ဝတ်များ၊ သဘာဝပတ်ဝန်းကျင်ဆိုင်ရာ စီမံခန့်ခွဲမှုအစီအစဉ်များ လိုအပ်သလို ရေးဆွဲခြင်း)

**အဆင့် ၈ - စတုတ္ထအကြိမ် ကျေးရွာ အစည်းအဝေး။** ကျေးရွာ စီ/ထောက် ကော်မတီအနေဖြင့် စီမံကိန်းလုပ်ငန်းခွဲ အဆိုပြုလွှာနှင့်ပတ်သက်၍ ကျေးရွာလူထု၏ အကြံပြုချက် ရယူခြင်း။

**အဆင့် ၉ - ကျေးရွာအုပ်စု စီ/ထောက်ကော်မတီမှ စီမံကိန်း လုပ်ငန်းခွဲများ၏ အဆိုပြုလွှာများအား ပြန်လည်သုံးသပ်ခြင်း။**

**အဆင့် ၁၀ - စီမံကိန်းလုပ်ငန်းခွဲများ စတင် အကောင်အထည်ဖော်ခြင်း။**

**အဆင့် ၁၁ - ကျေးရွာပုံမှန်အစည်းအဝေး ကျင်းပခြင်း။** ကျေးရွာ စောင့်ကြည့် ကြီးကြပ်ရေးဆပ်ကော်မတီအနေဖြင့် ဘဏ္ဍာရေးနှင့် တိုးတက်မှုအခြေအနေများ ပြောပြရှင်းလင်းခြင်း။

**အဆင့် ၁၂ - စီမံကိန်းလုပ်ငန်းခွဲ အပြီးသတ်ခြင်း။** (အပြီးသတ်ခြင်း သို့မဟုတ် ဆိုင်းငံ့ထားခြင်း/ရပ်ထားခြင်း)

**အဆင့် ၁၃ - ပြီးခဲ့သည့် စက်ဝန်းကို ပြန်လည်သုံးသပ်ခြင်း။** အတွေ့အကြုံများမှ သင်ယူခြင်းနှင့် အကြံပြုချက်များ ကောက်နုတ်ခြင်းတို့ ဆောင်ရွက်သည့် လူထုစစ်ဆေးခြင်းများ ပြုလုပ်ခြင်း။

**အဆင့် ၁၄ - လုပ်ငန်းလည်ပတ်ခြင်းနှင့် ထိန်းသိမ်းခြင်း။** (လုပ်ငန်းလည်ပတ်ရေးနှင့် ထိန်းသိမ်းရေး အစီအစဉ်ကို ကြိုတင်ပြင်ဆင်ခြင်း အပိုင်းတွင် စတင်ဆောင်ရွက်ခဲ့ရမည်)

လူထုဗဟိုပြုစီမံကိန်း (NCDDP) ကို နိုင်ငံတော် အစိုးရ ဘတ်ဂျက်၊ ကမ္ဘာ့ဘဏ်၊ အီတလီအစိုးရနှင့် ဂျပန်အစိုးရတို့၏ ရန်ပုံငွေများ စုစုပေါင်းရန်ပုံငွေ အမေရိကန်ဒေါ်လာ (၅၄၃) သန်းဖြင့် အကောင်အထည်ဖော် ဆောင်ရွက်မည် ဖြစ်သည်၊ ကျေးလက်နေ ပြည်သူများအတွက် အဓိကကျသော အခြေခံ အဆောက်အအုံများနှင့် ဝန်ဆောင်မှုများကို လူထုဗဟိုပြု ချဉ်းကပ်နည်းအသုံးပြုပြီး ကျေးလက်နေ ပြည်သူအားလုံး အလွယ်တကူ ရယူ အသုံးပြုနိုင်အောင် ထောက်ပံ့ပေးမည် ဖြစ်သည်။